**နိုင်ငံတော်၏ အကျိုးပြုလုပ်ငန်းများတွင် ဆန္ဒအလျောက် ကူညီပံ့ပိုးလိုသည့် ပြည်ပရောက် မြန်မာနိုင်ငံသားများနှင့် မြန်မာနိုင်ငံသားဟောင်းများအား ဖိတ်ခေါ်ခြင်း**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အနေဖြင့် ပြည်ထောင်စုငြိမ်းချမ်းရေး၊ ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များကို ပြည်သူပြည်သား များ၏ စုပေါင်းအင်အားနှင့်အတူ ကြိုးပမ်းအကောင်အထည်ဖော်လျက် ရှိပါသည်။နိုင်ငံတော်တစ်ခုလုံး ငြိမ်းချမ်းသာယာရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြုပြင်ပြောင်းလဲရေး လုပ်ငန်းများကိုကဏ္ဍပေါင်းစုံ၌ တစ်ပြိုင်တည်းဆောင်ရွက်လျက်ရှိရာတွင် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်တွင်း ပြည်ပရှိ လူ့စွမ်းအားအရင်းအမြစ်များအား အကျိုးရှိစွာ အသုံးချနိုင်မှုသည် လွန်စွာပဓာနကျပါသည်။

၂။ မြန်မာနိုင်ငံ၏ လူ့စွမ်းအားအရင်းအမြစ် လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရေးအတွက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၏ ပြည်ပခရီးစဉ်များအတွင်း မြန်မာနိုင်ငံသား၊ မြန်မာနိုင်ငံသားဟောင်းများနှင့် တွေ့ဆုံရာ၌ နိုင်ငံတော်၏ အကျိုးပြုလုပ်ငန်းများတွင် မိမိတို့တတ်သိကျွမ်းကျင်သည့်ပညာ၊ အတွေ့အကြုံ တို့ဖြင့် တတ်အားသမျှပါဝင်ကူညီပံ့ပိုးအကျိုးပြုနိုင်ရန်အတွက် ဖိတ်ခေါ်ခဲ့ပြီး၊ မြန်မာနိုင်ငံသား၊ မြန်မာ နိုင်ငံသားဟောင်းများကလည်း ယင်းသို့ပါဝင် အကျိုးပြုရန်အတွက် ကမ်းလှမ်းမှုများ ပြုလုပ်ခဲ့ကြပါသည်။

၃။ သို့ဖြစ်ရာ ပြည်ပရောက် မြန်မာနိုင်ငံသားဟောင်းများနှင့် မြန်မာနိုင်ငံသား အသိပညာရှင်၊ အတတ် ပညာရှင်များအနေဖြင့် မိမိတို့တတ်သိကျွမ်းကျင်သည့် ပညာ၊အတွေ့အကြုံတို့ဖြင့် နိုင်ငံတော်အတွက် ပါဝင်ကူညီပံ့ပိုးအကျိုးပြုလိုပါက ပူးတွဲပါပုံစံတွင် ဖြည့်စွက်၍ မြန်မာသံရုံး၊ ဘရပ်ဆဲလ်မြို့ (ဒေါ်အေးချမ်းလင်း၊ ပထမအတွင်းဝန်၊ တယ်လီဖုန်းအမှတ်- +၃၂-၂-၇၀၁၉၃၈၉၊ အီးမေးလ်လိပ်စာ visa@embassyofmyanmar.be ) ထံသို့ ဆက်သွယ်ပေးပို့နိုင်ပါကြောင်း အသိပေးဖိတ်ခေါ်အပ်ပါသည်။

မြန်မာသံရုံး၊ ဘရပ်ဆဲလ်မြို့

ရက်စွဲ၊ ၂၀၂၀ ခုနှစ်၊ ဇန်နဝါရီလ ၁၄ ရက်